## ၂။ ပိုးစေးနဲ့

**Citrus Mealybug: *Planococcus citri* (Risso, 1813)**

**Hemiptera: Pseudococcidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ဥများကို အစုလိုက်အပြုံလိုက်အုသည်။ အကောင်ငယ်များတွင် အဖြူရောင်ဖယောင်း လွှာပါပြီး အမျှင်များပါရှိကာ ပယင်းရောင်ရှိသည်။ အကောင်ကြီး၏အထီးတွင် တောင်ပံ ပါရှိပြီး နှာတံရှည်ကာ ပါးစပ်အစိတ်အပိုင်းများမပါရှိပေ။ အမသည် တောင်ပံမဲ့ကာ ကိုယ်ခန္ဓာပြားချပ် ပြီး တိုကာ အနားသားတစ်လျှောက် ဖယောင်းမျှင်များပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အကောင်ငယ်ရော အကောင်ကြီးပါ နူးညံ့သောအကိုင်းများနှင့် အသီးများ၏ ဆဲလ်များ ကို စုပ်ယူသည်။ အရောင်ဖျော့သွားသည်။ ဖျက်ဆီးခံရသော အပင်အစိတ် အပိုင်းများ ညှိုးနွမ်း ခြောက်သွေ့သွားသည်။ ပျားရည်ချိုအမြောက်အများ ထုတ်လုပ်မှု ကြောင့် ကြပ်ခိုးမှို ကိုဖြစ်စေသည်။ မှိုသည်အရွက်များနှင့်အသီးများကိုဖုံးလွှမ်းသွားသည်။ ဆိုးရွား စွာကျရောက်ပါ ကပန်း ပွင့်များ သည် အသီးဖြစ်မလာကြပါ။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၂-၃)ရက် |
| ပိုးမမည်အဆင့် | - (၂၂)ရက် |
| အကောင်ကြီးအဆင့် | -(၃၂-၃၃)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဖျက်ပိုးပျံ့နှံ့ကျရောက်မှုနှေးစေရန် အပင်များအားကိုင်းချိုင်ပါ။

(၂) ဖျက်ပိုးကျရောက်နေသော အရွက်များ၊ ပန်းပွင့်များ နှင့် ပန်းခိုင်များအား လက်ဖြင့်ကောက်ယူဖယ်ရှားပစ်ပါ။

(၃) တမာပိုးသတ်ဆေး၊ဆပ်ပြာဖျော်ရည်၊ကြက်သွန်ဖြူဖျော်ရည်ပက်ဖျန်းပါ။

(၄)အလွန်ဆိုးရွားစွာ ကျရောက်ပါက ထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေး အညွှန်းအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- စပီရိုတတ်ထရာမက် (Spirotetramat)
- ကာဘာရိုင်းလ် (Carbary)
- ဘူပရိုဖီဇင်(Buprofezin)
- ဘိုင်ဖန်သရင်(Bifenthrin)